# စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ် (UNA) နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တို့၏ တွေ့ဆုံဆွေးနွေးပွဲ ထုတ်ပြန်ကြေညာချက်

ရက်စွဲ - ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်

၁။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက် ၁၀.၃၀ မှ မွန်းလွဲ ၁၂.၀၀ ထိ ရန်ကုန်မြို့ရှိ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ဗဟိုဌာနချုပ်ရုံးတွင် စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) မှ ခေါင်းဆောင်များသည် ရင်းနှီးစွာ တွေ့ဆုံခဲ့ကြပြီး နှစ်ဖက်အမြင် သဘောထားများကို ဖလှယ်ခဲ့ကြသည်။

၂။ ထိုသို့တွေ့ဆုံခဲ့ကြရာတွင် နှစ်ဖက်ခေါင်းဆောင်များအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အထွေထွေနိုင်ငံရေး အခြေအနေများကို ဆွေးနွေးသုံးသပ်ကြပြီး ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားလူမျိုးအားလုံး၏အကျိုး အတွက် တူညီသည့်ဘုံသဘောထားများကို အတူတကွ လက်တွဲ၍ အကောင်အထည်ဖော်သွားကြရန် ထပ်လောင်း သံန္နိဋ္ဌာန် ချမှတ်ခဲ့ကြပါသည်။

၃။ ဘုံလုပ်ငန်းစဉ်များဖြစ်သော စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာလုပ်ငန်းနှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ပိုမို ထိရောက်စွာဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ အပ်ပါသည်။

ဆက်သွယ်ရန် -

ဦးအေးသာအောင် (UNA) ၀၉ ၄၂၀၁၀၂၃၆၈
စိုင်းလိတ် (UNA) ၀၉ ၅၀၆၅၈၉၈

နိုင်ဟံသာ (အထွေထွေအတွင်းရေးမှူး၊ UNFC) +၆၆ ၈၀၅၀၃၀၈၄၉
ပိုလ်မှူးကြီးခွန်ဥက္ကာ (တွဲဖက်အထွေထွေအတွင်းရေးမှူး -၂ ၊ UNFC) +၆၆ ၈၁၉၅၀၂၁၅၈